## ချင်းအမျိုးသားတပ်ဦး ဥက္ကဋ္ဌ ပူးလျှန်အုပ်၏ (၂၅) နှစ်မြောက် ချင်းတော်လှန်ရေးနေ့ သဝဏ်လွှာ

ကမ္ဘာအရပ်ရပ်ရှိချင်းအမျိုးသားများခင်ဗျား။

ကျွန်ုပ်တို့ ချင်းအမျိုးသားတပ်ဦးသည် ၁၉၈၈-ခုနှစ်၊ မတ် (၂၀) ၌ တည်ထောင်ခဲ့သော တော်လှန်ရေးအဖွဲ့အစည်း ဖြစ်သောကြောင့် မတ်လ (၂၀)ရက်နေ့သည် ချင်းအမျိုးသားတပ်ဦး၏ တရားဝင်တော်လှန်ရေးနေ့ဖြစ်ပါသည်။ ဗိုလ်ချုပ်နေဝင်းဦးဆောင်သော ဗမာ စစ်အာဏာရှင်သည် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်ကို အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအား ဖျက်သိမ်း၍ အတုအယောင် ပြည်ထောင်စုမြန်မာနိုင်ငံကိုစတင် တည်ထောင်ကာနစ်တိုင်း တရားဝင်ရုံးပိတ်ရက်အဖြစ် ကျင့်သုံးလာခဲ့ကြောင်း သမိုင်း၌ အထင်အရှား တွေ့ရှိနိုင်ပါသည်။

စစ်ဗိုလ်ချုပ်များ ဦးဆောင်သော ဗမာစစ်အစိုးရသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ချင်း၊ ကချင်၊ ရှမ်း၊ ဗမာ တိုင်းရင်းသားခေါင်းဆောင်များ ဆန္ဒအရချုပ်ဆိုထားသော ပင်လုံစာချုပ်နှင့် နောက်ပိုင်း၌ ပြန်လည်အကျုံးဝင်လာသော ကရင်၊ ကရင်နီ၊ ရခိုင်နှင့် မွန်ဒေသများ ကိုယ်စားပြုတိုင်းရင်းသားခေါင်းဆောင်တို့၏ ဆန္ဒအား ဆန့်ကျင်ကာ ၁၉၇၄ နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲပြီး တင်းကြပ်သော တပြည်ထောင်စနစ် အစိုးရ ဖွဲ့စည်းလာခဲ့ပါသည်။

၁၉၇၄ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ သည် တပါတီစနစ်၊ တင်းကြပ်သော တပြည်ထောင်စနစ်ဖြင့် အတင်းအဓမ္မအုပ်ချုပ်သောကြောင့် အောင်မြင်မှုမရရှိခဲ့ပါ။ ထို့ကြောင့် နိုင်ငံတဝှမ်း ဆန့်ကျင်ဆန္ဒပြမှု၊ ပုန်ကန်မှုများ ပေါ်ပေါက်လာခဲ့ရပါသည်။ ရန်ကုန်မြို့ရှိ ချင်းပြည်သူလူထုများအား ချင်းတက္ကသိုလ်ကျောင်းသားများ ဦးဆောင်ကာ ချင်းအမျိုးသားသမဂ Chin National Union- CNU ကို ဖွဲ့စည်းပြီး ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းရှိ ပြည်သူလူထုများနှင့်အတူ စစ်အစိုးရအား ဆန့်ကျင်ဆန္ဒပြခဲ့ပါသည်။ ဆိုရှယ်လစ်အစိုးရအား ဆန့်ကျင်ဆန္ဒပြမှုသည် နိုင်ငံတဝှမ်း ကျယ်ပြန့်စွာ ပျံ့နှံ့လာသောကြောင့် ဆိုရှယ်လစ်အစိုးရအကျိုးအား မည်သူမျှ သယ်ပိုးနိုင်ခဲ့ခြင်းမရှိပါ။

ထို့ကြောင့် နိုင်ငံတော်၌ အစိုးရယန္တရား လည်ပတ်နိုင်ခြင်းမရှိတော့သည့်အတွက် စစ်ခေါင်းဆောင်များကိုယ်တိုင် တပါတီဆိုရှယ်လစ်စနစ်ကို ပြန်လည်ဖျက်သိမ်းခဲ့ရပါသည်။ ဆန္ဒပြသော အရပ်ဖက်ခေါင်းဆောင်များမှ အရပ်သား အစိုးရမဖွဲ့စည်းမီ စစ်ခေါင်းဆောင်များသည် တဖန်အာဏာပြန်သိမ်းကာ နိုင်ငံတော်၏ အချုပ်အခြာ အာဏာအား အရယူခဲ့ပါသည်။ စစ်ခေါင်းဆောင်များသည် လက်တုန့်ပြန်သည့်အနေဖြင့် ဆန္ဒပြသူများအား လိုက်လံရှာဖွေဖမ်းဆီးကာ

Chin National Front – General Headquarters, Chinland

မိမိတို့အာဏာအား ထိန်းသိမ်းရန် ကြိုးပမ်းလာခဲ့ရာများစွာသော ချင်းအမျိုးသားသမဂအဖွဲ့မှ ချင်းတက္ကသိုလ်ကျောင်းသားများသည် ထွက်ပြေးတိမ်းရှောင်ပြီး အိန္ဒိယ နယ်စပ်ရှိ Pu Tial Khar ဦးဆောင်သော ချင်းအမျိုးသားတပ်ဦး Chin National Front နှင့် ပူးပေါင်းကာ ချင်းအမျိုးသားတော်လှန်ရေးစတင်လာခဲ့သည်။

ရာနှင့်ချီသော ချင်းတက္ကသိုလ်ကျောင်းသားများသည် ကေအိုင်အေထံ (၂)နှစ်ကြာ စစ်ပညာသင်ယူကာ ကေအိုင်အေနှင့် ပူးပေါင်း၍ ဗမာစစ်အစိုးရအား တော်လှန်တိုက်ခိုက်ပြီး ချင်းလဲန်းသို့ ပြန်လာကာ လပေါင်းများစွာ ဌာနချုပ်နှင့် ခြေကုတ်စခန်းများ တည်ဆောက်ကာဗမာစစ်တပ်အား အကြိမ်ပေါင်းများစွာ ခုခံတိုက်ခိုက်ခဲ့ပါသည်။ နှစ်ပေါင်း (၂၅) နှစ်ကြာကာလအတွင်း (၈၀)ကျော်သော ချင်းအမျိုးသားတပ်မတော်သားများသည် မိမိအမျိုးသားအတွက် အသက်ပေးဆပ်ကာ လက်နက်ကိုင်တော်လှန်ခဲ့ကြပါသည်။ ယခုအခါ ချင်းအမျိုးသားတပ်ဦးသည် ပြည်ထောင်စု မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်များ စုပေါင်းဖွဲ့စည်းထားသည့် တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီနှင့် ပူးပေါင်းကာ ဘုံရည်မှန်းချက်ပန်းတိုင်ဖြစ်သော ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ ဖက်ဒရယ်နှင့် ဒီမိုကရေစီ ပြန်လည်ရယူရန် ဗမာစစ်အစိုးရအား တိုက်ပွဲဝင်နေပါသည်။

(၂၅)နှစ်တာကာလအတွင်း ဗမာစစ်အစိုးရသည် အနောက်နိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွါးရေးပိတ်ဆို့မှုခံရကာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်လာပြီး ရာဇဝတ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးပွါးလာပြီး အထီးကျန်စွာ နေခဲ့ရသည်။ နိုင်ငံတကာ၏ဖိအားနှင့် ဆင်းရဲတွင်း ၌ အထီးကျန်စွာ ကြာရှည်ရပ်တည်နိုင်စွမ်းမရှိလာသည့်အခါ ဗမာစစ်အစိုးရသည် အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရန် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အသီးသီးအား ကမ်းလှမ်းလာရာမှ ယခုအခါ ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီအထိ ကမ်းလှမ်းလာပြီးဖြစ်ပါသည်။

ချင်းအမျိုးသားတပ်ဦးသည် ဗမာစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် ချုပ်ဆိုထားသည့်အတိုင်း မိမိဒေသတွင်း လက်နက်များကို ထိန်းချုပ်ထားနေဆဲဖြစ်ပါသည်။ ချင်းအမျိုးသားနေ့ကို ယခင်က တရားဝင်ရုံး ပိတ်ရက်အဖြစ် ကြေညာကျင်းပလာခဲ့ရာမှ စစ်အစိုးရတက်လာသောအခါ တားမြစ်ပိတ်ပင်ခြင်းခံခဲ့ရသည်၊ သို့သော် သဘောတူစာချုပ် ရေးသားချုပ်ဆိုထားသည့်အတိုင်း ချင်းပြည်နယ်နှင့် မြန်မာနိုင်ငံတွင်း အခြားဒေသများ ပြန်လည်ကျင်းပခွင့် ရရှိလာခဲ့ပါသည်။ အလားတူစွာပင် ချင်းဘာသာသင်ကြားရေးသည်လည်း ယခင်ခွင့်ပြုခဲ့ရာမှ တဖန် ပိတ်ပင်ခြင်းခံထားခဲ့ရသော်လည်း ကျောင်းသင်ရိုးညွှန်းတမ်းများ၌ ပြန်လည်ထည့်သွင်းသင်ကြားခွင့်ရရှိခဲ့ပါသည်။

ဤစာချုပ်သည် ၂၀၀၈ ခုနှစ် ဖိနှိပ်အုပ်ချုပ်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား ဆန့်ကျင်ပြီး ပါလီမန်နှင့် ပြည်နယ်အစိုးရအကြား ပူးတွဲ လုပ်ဆောင်နိုင်မည့် အရာများ ဖန်တီးပေးပါသဖြင့် ချင်းအမျိုးသားတပ်ဦး၏ ကြီးမားသော အောင်မြင်မှုဟု ဆိုနိုင်ပေသည်။ ချင်းပြည်နယ်နှင့် ပြည်ပရောက်ချင်းလူမျိုးများက ချင်းအမျိုးသားတပ်ဦးအား ပိုမိုထောက်ခံလာပြီး စိတ်ဓါတ်နှင့် ရုပ်ဝတ္တုငွေကြေးအရာများတွင်လည်းများစွာ ကူညီပံ့ပိုးမှုများ ပြုလာကြသည်။ ချင်းအမျိုးသားနေ့အား ပြည်ထောင်စုအစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့ ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ်မြို့တော် ဟားခါး မြို့တွင် စည်ကားစွာ ကျင်းပနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အရပ်ရပ်ရှိ ချင်းအဖွဲ့အစည်းများတွင်လည်း ၄င်း ၂၀၁၃ ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင် ကျင်းပခဲ့ကြသည်။

နိုင်ငံရေးဆွေးနွေးရန် အပစ်အခတ် ရပ်စဲရေးစာချုပ်ချုပ်ဆိုခြင်းသည် ချင်းအမျိုးသားတပ်ဦးအတွက် တဝက် အောင်မြင်မှုဖြစ်ပြီး လက်နက်ကိုင်တိုက်ပွဲဝင်ခြင်း၏ အဓိကပန်းတိုင်သည်လည်း နိုင်ငံရေးဆွေးနွေးပွဲမှ ချင်းပြည်နယ် နှင့် နိုင်ငံ

Chin National Front – General Headquarters, Chinland

တပှမ်းလုံး ငြိမ်းချမ်းသာယာ ဂပြောရေးရရှိနိုင်ရန်ဖြစ်သည်။ ချင်းအမျိုးသားတပ်ဦး၏ အပစ်အခတ်ရပ်စဲရေးမှ နိုင်ငံရေး ဆွေးနွေးမှုပြုလုပ်ခြင်းသည် ချင်းတမျိုးသားတရပ်လုံး ရည်မှန်းချက်ပန်းတိုင်၏ တံခါးဂသို့ရောက်ရှိ နေခြင်း ဖြစ်ပြီးဤ (၂၅)နှစ်မြောက်တော်လှန်ရေး ငွေရတုသဘင်သည်လည်း တဂက်အောင်မြင်မှုအဖြစ် ပြည်တွင်းပြည်ပရှိ ချင်း အမျိုးသားများမှ ထိုက်တန်စွာကျင်းပကြပြီး၊ ဆက်လက်၍ ချင်းအမျိုးသားတပ်ဦးပါဂင်သော ညီညွတ်သောတိုင်းရင်းသား လူမျိုးများဖက်ဒရယ်ကောင်စီနှင့် ဗမာအစိုးရတို့ နိုင်ငံရေးဆွေးနွေးပွဲကိုလည်း ထောက်ခံသွားမည် ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့်သာယာဂပြောရေး တည်ရှိနိုင်ပါစေ။ ဖက်ဒရယ်ပြည်ထောင်စုမြန်မာ နိုင်ငံတည်ထောင်ပြီး ပြည်ထောင်စုထာဂရတည်တံ့ပါစေ။

၂၀၁၃ခုနှစ်၊ မတ်လ (၂၀) ရက်နေ့